# နိုင်ငံကူးလက်မှတ်စာအုပ်အသစ် ထုတ်ယူရန် ဆောင်ရွက်ပုံအဆင့်ဆင့် လမ်းညွှန်

## နိဒါန်း

၁။ စင်ကာပူနိုင်ငံတွင် တရားဝင်လာရောက်၍ အလုပ်လုပ်ကိုင်လျက်ရှိကြသူများ၊ ကျောင်းသား/ကျောင်းသူများ၊ ခေတ္တ လာရောက်လည်ပတ်ကြသူများ၊ မှီခိုသူ / အုပ်ထိမ်းသူ အဖြစ် နေထိုင်လျက်ရှိကြသူများသည် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ လာရောက်၍ နိုင်ငံကူးလက်မှတ် စာအုပ်အသစ် ရယူရန် လျှောက်ထားသည့် အချိန်တွင် လုပ်ငန်း ဆောင်ရွက်ပုံ အဆင့်ဆင့်ကို သိရှိနိုင်စေရန် ရည်ရွယ်၍ တင်ပြထားခြင်း ဖြစ်ပါသည်။

## လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်

### (နံနက်ပိုင်းဆောင်ရွက်ရန်)

### " Q " နံပါတ် စာရွက် ရယူခြင်း

၂။ နိုင်ငံကူးလက်မှတ်စာအုပ်အသစ်ထုတ်ယူရန်/ဝင်ငွေခွန်ထမ်းဆောင်ရန်/ ထောက်ခံစာ အမျိုးမျိုး ရယူရန်အတွက် " Q " နံပါတ် စာရွက် ယူရန် ရှေးဦးစွာ လိုအပ်ပါသည်။ အဆိုပါ " **Q** " **စာရွက် ကို** နေ့စဉ် နံနက် (၀၉:၀၀) နာရီမှ စတင်၍ သံရုံး အောက်ထပ် လုံခြုံရေး အခန်းနှင့် ကပ်လျက် အခန်းတွင် ရယူနိုင်ပါသည်။ လိုအပ်သည့် လျှောက်လွှာ ပုံစံများကို တာဝန်ကျ ဝန်ထမ်းမှ " **Q** " နံပါတ် စာရွက်နှင့် အတူ ထုတ်ပေးမည် ဖြစ်ပါသည်။ " **Q** " စာရွက် ရယူရန် သံရုံးသို့ လာရောက် ချိန်တွင် ကာယကံရှင် ကိုယ်တိုင် လာရောက်ရမည် ဖြစ်ပါသည်။

- **ငှင်းပြင် မိမိ ကိုင်ဆောင်ထားသည့် နိုင်ငံကူးလက်မှတ်စာအုပ် ( မူရင်း ) ၊ WP/SP/PR/EP ကဒ်ပြား (မူရင်း) / နောက်ဆုံး ထမ်းဆောင်ထားသည့် အခွန် ပြေစာ(မူရင်း) ၊ ထောက်ခံစာ လျှောက်ထားသူများ အတွက် လက်ထပ်စာချုပ် (မူရင်း) ၊ မိသားစု စာရင်း (မူရင်း) ၊ ကျောင်းသား/ ကျောင်းသူများ အတွက် ကျောင်းမှ ထုတ်ပေးသည့် ကျောင်းသား ဖြစ်ကြောင်း ထောက်ခံစာ ( မူရင်း )၊ ကျောင်းသား ကဒ်ပြား (မူရင်း)များ ကို မိမိ နှင့် တစ်ပါတည်းယူဆောင်လာရန် အရေးကြီးပါသည်။ ဖော်ပြပါ စာရွက်စာတမ်းများ မှန်ကန်ပြည့်စုံစွာ တင်ပြနိုင်ခြင်း မရှိပါက ရုံးလုပ်ငန်း၊ လုပ်ထုံး ညွှန်ကြားချက်များအရ ( လုံးဝ) ဆောင်ရွက်ပေးမည် မဟုတ်ကြောင်း ကြိုတင်အသိပေး အပ်ပါသည်။**

- နိုင်ငံကူး လက်မှတ်စာအုပ်များ အသစ်လဲလှယ်ရန်အတွက် လက်ဗွေနှိပ်ခြင်း/ ထိုးမြဲ လက်မှတ်ရယူခြင်း၊ နိုင်ငံကူးလက်မှတ် စာအုပ် အသစ် တွင် အသုံးပြုရန် အတွက် ဓါတ်ပုံရိုက်ယူခြင်း စသည် လုပ်ငန်းစဥ် အဆင့်ဆင့် အားလုံးကို တစ်နေ့တည်း အပြီး ဆောင်ရွက်ရမည်ဖြစ်၍ ကာယကံရှင် ကိုယ်တိုင် မပျက်မကွက် လာရောက်ရန် လိုအပ်ခြင်း ဖြစ်ပါသည်။

- ဝင်ငွေခွန်ထမ်းဆောင်ရန် / ထောက်ခံစာ အမျိုးမျိုးရယူရန် အတွက် ကိုယ်စားလှယ်လွှဲအပ်စာ (သံရုံးတွင်ရယူနိုင်ပါသည်) / အိမ်ထောင်စုဝင် မိသားစုများအတွက် သန်းကောင်စာရင်း /လက်ထပ်စာချုပ် တော်စပ်ပုံ အထောက်အထား ပြလျက် ဆောင်ရွက်နိုင်ပါသည်။ နိုင်ငံကူးလက်မှတ် စာအုပ်အသစ်ကို သံရုံးတွင် " Q " စတင်ယူပြီး စာရွက်စာတမ်း မှန်ကန်ပြည့်စုံ၍ သံရုံးမှ လက်ခံဆောင်ရွက်ပြီးပါက နောက်တစ်နေ့တွင် ထုတ်ပေးမည် ဖြစ်ပါသည်။

## **<u>နိုင်ငံကူးလက်မှတ် စာအုပ်အသစ်<br>ထုတ်ယူရန် အတွက် ဆောင်ရွက်ပုံ အဆင့်ဆင့်</u>**

**<u>စာရွက်စာတမ်းများ စစ်ဆေးခြင်း၊ ကိုယ်ရေး အချက်အလက်များကို ကွန်ပျူတာဖြင့် မှတ်တမ်း တင်ပြီး ဘားကုဒ် ပါဝင် သည့် နိုင်ငံကူးလက်မှတ် လျှောက်ထားမည့် လျှောက်လွှာနှင့် ဝင်ငွေခွန် ထမ်းဆောင်ရန် လျှောက်ထားသည့်လျှောက်လွှာများ ပြန်လည်ထုတ်ပေးခြင်း</u>**

၃။ နိုင်ငံကူးလက်မှတ် စာအုပ်အသစ် လျှောက်ထားရန် " Q " ရယူထားပြီးသူများသည် နံနက် (၀၉း၃၀) နာရီ အချိန် မှ (၁၁း၃၀) နာရီ အချိန် ကာလအတွင်း ကောင်တာ အမှတ် ( ၃ ) တွင် သံရုံး မှ ထုတ်ပေးထားသည့် **နိုင်ငံကူး လက်မှတ် လျှောက်ထားမည့် လျှောက်လွှာနှင့် ဝင်ငွေခွန် ထမ်းဆောင်ရန် လျှောက်ထားသည့် လျှောက်လွှာတို့**တွင် လိုအပ်သည့် အချက်အလက်များကို မှန်ကန် ပြည့်စုံစွာ ဖြည့်စွက်ရေးသားလျက် ပူးတွဲ တင်ပြရမည့် စာရွက် စာတမ်းများနှင့် အတူ တင်ပြရမည် ဖြစ်ပါသည်။

- အဆိုပါ လျှောက်လွှာ နှင့် စာရွက်စာတမ်းများကို ပြည့်စုံမှု ရှိ / မရှိ ကို စစ်ဆေးမည် ဖြစ်ပါသည်။

- နိုင်ငံကူးလက်မှတ် စာအုပ်အသစ် လျှောက်ထားသူများအနေဖြင့် **လိုအပ်သည့် စာရွက်စာတမ်းများကို ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိပါက လက်ခံ ဆောင်ရွက်ပေးမည် မဟုတ်ကြောင်း ကြိုတင် အသိပေး အပ်ပါသည်။**

- ထို့နောက် ကောင်တာ အမှတ် ( ၄ ) တွင် ကိုယ်ရေး အချက်အလက်များ ကို ကွန်ပျူတာဖြင့် မှတ်တမ်းတင်ပြီး ဘားကုဒ် ပါဝင် သည့် **နိုင်ငံကူး လက်မှတ် လျှောက်ထားမည့် လျှောက်လွှာနှင့် ဝင်ငွေခွန် ထမ်းဆောင်ရန် လျှောက်ထားသည့် လျှောက်လွှာ** တို့ကို ပြန်လည် ထုတ်ပေးမည် ဖြစ်ပါသည်။

## ဝင်ငွေခွန် တွက်ချက်ခြင်း

၄။ ဝင်ငွေခွန် ထမ်းဆောင်မည့်သူများအား ထမ်းဆောင်ရမည့် ဝင်ငွေခွန်များကို ဝင်ငွေခွန် တွက်ချက်သည့် **ကောင်တာ အမှတ် (၅)** တွင် တစ်ဆက်တည်း တွက်ချက်ပေးမည် ဖြစ်ပါသည်။

၅။ နိုင်ငံကူးလက်မှတ် စာအုပ်အသစ် ထုတ်ယူရန်အတွက် လျှောက်ထားသူများအနေဖြင့် ဝင်ငွေခွန်ကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစတင်၍ နိုင်ငံတော်သို့ အခွန်ပေး ဆောင်ရန် ကင်းလွတ်ခွင့်ပြုလိုက်ပြီ ဖြစ်၍ ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ အထိ **မပျက်မကွက်** ထမ်းဆောင်ရန် လိုအပ်ပါသည်။ အခွန်ထမ်း ပြည်သူများအားလုံး တစ်ပြေးတစ်ညီတည်း ဖြစ်စေရန် နိုင်ငံကူးလက်မှတ်စာအုပ်အသစ် ထုတ်ယူသည့် ကာလအထိ စည်းကြပ်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ **ဝင်ငွေခွန် လျှော့ပေါ့ပေးရန် / စည်းကြပ်သည့် ကာလ လျှော့ပေါ့ သတ်မှတ်ပေးရန် အကြောင်းအမျိုးမျိုးပြလျက် လျှောက်လွှာ တင်ပြခြင်းများကို လက်ခံ ဆောင်ရွက် ပေးမည် မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။**

၆။ စင်ကာပူမြို့၊ မြန်မာသံရုံးမှ အခွန်ကောက်ခံမှုနှုန်းထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အခွန်ငွေကောက်ခံမှုနှုန်းထားများ

ပတ်စ်ပို့မှုရင်း၊ ကိုင်ဆောင်သည့်ကဒ်မူရင်းနှင့် ယခင် အခွန်ဆောင်ခဲ့ဘူးပါက အခွန်စာရွက်မူရင်းများအား စိစစ်၍ အလုပ်လုပ်သည့်လများအား ကိုင်ဆောင်ထားသည့် ကဒ်များ အလိုက် သတ်မှတ်နှုန်းထားများ ဖြင့် အခွန်တွက်ချက်ပါသည်-

**၁၉-၈-၂၀၁၁ မတိုင်မီ ကာလ အတွက် မူလ နှုန်းထား ၁၀% နှင့် အောက်ပါအတိုင်း ကောက်ခံမည် ဖြစ်ပါသည်။**

| ကဒ်အမျိုးအစားများ | တစ်လလျှင် စင်ကာပူဒေါ်လာ | ကျောင်း Part-Timeတက်သူ |
|---|---|---|
| Work permit (WP)<br>Domestic Worker<br>Nursing Aide/ Healthcare | 40<br>25<br>35 | 30<br>-<br>25 |
| Skill Pass (S Pass) | 80 | 60 |
| Employment Pass (EP) | 120 | 80 |
| Permanent Resident (PR) | 120 | 80 |

ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၏ ၁၅၇ / ၂၀၁၁ အမိန့်ကြော်ငြာစာ အရ
(၁၉-၈-၂၀၁၁ ရက်နေ့ မှ ၃၀-၁၂-၂၀၁၁ ရက်နေ့ ) အထိ ၂ % ဖြင့်
အောက်ပါအတိုင်း ကောက်ခံမည် ဖြစ်ပါသည်။

| ကဒ်အမျိုးအစားများ | တစ်လလျှင် စင်ကာပူဒေါ်လာ | ကျောင်း Part-Timeတက်သူ |
|---|---|---|
| Work permit (WP) | ၈ | - |
| Domestic Worker | ၂၅ | - |
| Nursing Aide/ Healthcare | ၇ | - |
| Skill Pass (S Pass) | ၁၆ | - |
| Employment Pass (EP) | ၁၆ | - |
| Permanent Resident (PR) | ၂၄ | - |

**မှတ်ချက်။** မြန်မာနိုင်ငံသို့ လနှင့်ချီ၍ ပြန်သူများ၊ စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ကိုင်ခြင်း မရှိသည်ကို စာရွက်စာတမ်း အထောက်အထားပြည့်စုံ မှန်ကန်စွာဖြင့် တင်ပြသူများ၊ လုပ်ငန်းခွင်တွင် ထိခိုက်ဒဏ်ရာရ၍ ဆေးရုံမှ စာရွက်စာတမ်းဖြင့် တင်ပြလာသူများအား အဆိုပါ လများအတွက် ဝင်ငွေခွန် ကောက်ခံခြင်းမရှိပါ။

၇။ ဝင်ငွေခွန်ထမ်းဆောင်ရာတွင် ပူးတွဲ တင်ပြရမည့် စာရွက်စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- WP/S pass / EP / PR မူရင်း နှင့် မိတ္တူများ
- နိုင်ငံကူး လက်မှတ်မူရင်းနှင့် ဓါတ်ပုံ ကပ်ထားသောစာမျက်နှာနှင့် သက်တမ်းပါရှိ သည့် စာမျက်နှာ မိတ္တူ
- နောက်ဆုံး ဝင်ငွေထမ်းဆောင်ခဲ့သည့် ပြေစာ မူရင်း နှင့် မိတ္တူ
  **(ပြေစာမူရင်းမတင်ပြနိုင်လျှင်လက်ခံဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ဖေါ်ပြအပ်ပါသည် ။ ပြေစာ မိတ္တူရှိလျှင် မိတ္တူ မှန် လျှောက်ထားလျက် )**

ဝင်ငွေခွန်တွက်ချက်မှု ပြီးစီးပါက ထမ်းဆောင်ရမည့် **ဝင်ငွေခွန် အတိအကျ ဖော်ပြထားသည့် ချလံ စာရွက်** နှင့် မြန်မာနိုင်ငံကူးလက်မှတ် စာအုပ်အသစ် လျှောက်ထားရန် အတွက် **ကိုယ်ရေး ရာဇဝင် အကျဉ်းချုပ်** တို့ကို အဆိုပါကောင်တာ(၅) မှ ထုတ်ပေးမည် ဖြစ်ပါသည်။ ထို့နောက် ကိုယ်ရေးရာဇဝင်ကို ဖြည့်စွက်၍ မိမိ တစ်ပါတည်း ယူခဲ့သည့် ဓါတ်ပုံ ကို သတ်မှတ်နေရာ တွင် ကပ်ရမည် ဖြစ်ပါသည်။ ( **နံနက် ပိုင်း ဆောင်ရွက်ရမည့် လုပ်ငန်းပြီးဆုံးပါသည်။** )

<u>ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုကြောင်းကြော်ငြာချက်</u>

၈။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု အစိုးရအဖွဲ့၏ (၂၁-၁၂-၂၀၁၁ ) ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ်၊ ၅၇ / ၂၀၁၁ အရ ပြည်ပနေ နိုင်ငံသားများက နိုင်ငံခြား ငွေ ဖြင့်ရရှိသည့် လစာခေါင်းစဥ် အောက်ရှိ ဝင်ငွေစုစုပေါင်း အပေါ် ရရှိသည့် နိုင်ငံခြားငွေ အမျိုးအစားဖြင့် ပေးဆောင်စေသည့် ဝင်ငွေခွန် ကို ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၅ ၊ ပုဒ်မခွဲ (ခ) အရ **၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ မှစ၍ ကင်းလွတ်ခွင့်ပြုလိုက်ပြီး ဖြစ်ပါသည်။**

၉။ အထက်ဖော်ပြပါ အမိန့်ကြော်ငြာစာအရ (၁-၁-၂၀၁၂)ရက်နေ့မှစ၍ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုလိုက်ပြီး ဖြစ်ပါသည်။ တည်ဆဲ စည်းမျဥ်း ဥပဒေ စည်းမျဥ်းများ အရ အောက်ဖော်ပြပါ အချက်များ အတိုင်း ဆောင်ရွက်မည် ဖြစ်ပါသည်-

(က) (၁၉-၈-၂၀၁၁) မတိုင်မီ ကာလအတွက် မူလ နှုန်းထား ၁၀% နှင့် ပင် ကောက်ခံ မည် ဖြစ်ပါသည်။

(ခ) ပြည်ထောင်စု အစိုးရ အဖွဲ့ရုံး ၏ ၁၅၇ / ၂၀၁၁ အမိန့်ကြော်ငြာစာအရ (၁၉-၈-၂၀၁၁) ရက်နေ့ မှ (၃၁-၁၂-၂၀၁၁) ရက်နေ့ အထိ ၂ % ဖြင့် ကောက်ခံ မည် ဖြစ်ပါသည်။

(ဂ) (၂၀၁၁-၂၀၁၂) ဘဏ္ဍာရေးနှစ်အတွက် (၃၁-၁၂-၂၀၁၁) ရက်နေ့အထိ **ဝင်ငွေခွန်ကို ကြိုတင်ပေးဆောင်သူများအနေဖြင့် ဥပဒေ နောက်ကြောင်းပြန် အာဏာသက်ရောက်မှု မရှိသည့်အလျောက် အခွန်ကြိုတင် ထမ်းဆောင်ပြီး သည့် ကိစ္စများ အကျုံးဝင်မှု မရှိကြောင်း ဖော်ပြအပ်ပါသည်။**

**(နေ့လည်ပိုင်း ဆောင်ရွက်ရန်) (၁၄:၀၀ ) နာရီ မှ (၁၇:၀၀) နာရီ ထိ**

**ဓါတ်ပုံရိုက်ကူးခြင်း/ဝင်ငွေခွန်ထမ်းဆောင်ခြင်း/ နိုင်ငံကူးလက်မှတ်စာအုပ်အသစ် ထုတ်ယူရန်အတွက် စာရွက်စာတမ်းများတင်ပြခြင်း/လက်ဗွေနှိပ်ခြင်း/လက်မှတ်ရယူခြင်း အဆင့်ဆင့်**

**ဓါတ်ပုံရိုက်ကူးခြင်း**

၁၀။ နိုင်ငံကူးလက်မှတ် စာအုပ်အသစ် ( MRP )တွင် အသုံးပြုရန် အတွက် ဓါတ်ပုံကို သံရုံးတွင် နေ့လည် (၁၄:၀၀ ) နာရီ မှ စတင် ရိုက်ကူးနိုင်ရန် စီစဉ်ထားရှိပါသည်။ ဓါတ်ပုံရိုက်ကူးခ စင်ကာပူ (၅) ဒေါ်လာအား ရိုက်ကူးသူအား ပေးရန်ဖြစ်ပါသည်။ ဓါတ်ပုံရိုက်ကူးပြီးလျှင် ရရှိသည့် ပြေစာကို ယူထားပြီး နိုင်ငံကူးလက်မှတ်စာအုပ်အသစ် ထုတ်ယူရန်အတွက် စာရွက်စာတမ်းများ စစ်ဆေးမည့် ကောင်တာတွင်ပူးတွဲ တင်ပြရန်ဖြစ်ပါမည်။

- **ဓါတ်ပုံရိုက်ကူးရာတွင် နားရွက် နှစ်ဖက်ပေါ်ထားရပါမည်၊**
- **မျက်မှန် တပ်ဆင်ထားခြင်း မပြုရပါ။**
- **သွားမပေါ်ရပါ။**

## ဝင်ငွေခွန်ပေးဆောင်ခြင်း

၁၁။ ဝင်ငွေခွန် ကောက်ခံသည့် ကောင်တာ(၃)ကို ညနေ (၀၃:၃၀) နာရီတွင် စတင်ဖွင့်လှစ်၍ ငွေသား ဖြင့် ကောက်ခံပါသည်။ အခွန်ထမ်းဆောင်ရန် အမည်များကို မခေါ်ယူမီ နားနေဆောင်တွင် သက်တောင့်သက်သာစွာဖြင့် ခေတ္တ စောင့်ဆိုင်း နေကြရန်ဖြစ်ပါသည်။ မိမိ အမည် ခေါ်ယူသည့် အချိန်မှသာ ခန်းမ ဆောင်အတွင်းသို့ ဝင်ရောက်လျက် ကောင်တာ အမှတ်(၃)ရှေ့ သတ်မှတ်နေရာ၌ နေရာယူ၍ ပေးဆောင်ရန် ဖြစ်ပါသည်။ ငွေပေးဆောင် သည့် ကောင်တာတွင် သူထက်ငါ တိုးဝှေ့လျက် ရှိရာမှ မကြာခဏ ပိုက်ဆံအိတ်နှင့် ငွေပျောက်ရှခြင်း၊ နိုင်ငံကူးလက်မှတ်များ မှားယွင်း ယူမိကြခြင်းများ ကင်းဝေးစေရန် အတွက် စီစဉ်ထားခြင်း ဖြစ်ပါသည်။ ထမ်းဆောင်ရမည့် ဝင်ငွေကို ငွေသား ( Cash ) ဖြင့် ပေးသွင်း ရမည်ဖြစ်ပါသည်။ ငွေများကို အတိအကျ ကြိုတင်ရေတွက်ထားပေးခြင်းဖြင့် လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်း ကူညီမှုပေးရန် မေတ္တာရပ်ခံအပ်ပါသည်။ ကျသင့်ငွေကို ပေးသွင်းပြီးပါက ဝင်ငွေခွန် ကောက်ခံပြီး

ကြောင်း ( Bar Code ) ပါဝင်သည့် ငွေရပြေစာ (မူရင်း)ပေါ်တွင် ငွေလက်ခံပြီး ကြောင်း (RECEIVED )စာသားကို မှင် အနီ ရောင် ဖြင့် ရိုက်နှိပ် လျက် ပြန်လည်ထုတ်ပေးပါသည်။ မူရင်းကို မပျောက်ရှစေရန် ထိမ်းသိမ်းထားရန် အမှန်တကယ် လိုအပ်ပါသည်။ ဝင်ငွေခွန် ထမ်းဆောင်ပြီးနောက် ငွေရပြေစာ(မူရင်း)ကို ဓါတ်ပုံ မိတ္တူ ( Photo Copy ) (၁) စောင် ကူးရမည် ဖြစ်ပါသည်။ မူရင်းနှင့် ပြေစာ (မိတ္တူ) တို့ကို စာရွက်စာတမ်းများ စစ်ဆေး သည့် ကောင်တာ (၅) သို့ နိုင်ငံကူး လက်မှတ်လျှောက်ထားရန် စာရွက်စာတမ်းများ နှင့်အတူ ပူးတွဲ တင်ပြရန် ဖြစ်ပါသည်။ ( ဝင်ငွေခွန် ကောက်ခံသည့် ကောင်တာ (၃) တွင် ကျသင့်သည့် ဝင်ငွေခွန် ကို ပေးဆောင်ရန်သာ ဖြစ်ပြီး နိုင်ငံကူး လက်မှတ် အပါအဝင် အခြားစာရွက်စာတမ်းများ တင်ပြရန် မလိုအပ်ကြောင်း အသိပေးအပ်ပါသည်။)

**<u>နိုင်ငံကူးလက်မှတ် စာအုပ်အသစ် ထုတ်ယူရန် အတွက် စာရွက်စာတမ်းများစစ်ဆေးခြင်း</u>**

၁၂။ စက်ဖြင့် ဖတ်ရှုစစ်ဆေးနိုင်သည့် မြန်မာနိုင်ငံကူးလက်မှတ် ( MRP ) စာအုပ်ကို ပြောင်းလဲ ကိုင်ဆောင်ခွင့်ပြုရန် အတွက် အောက်ပါ စာရွက်စာတမ်းများ နှင့် အတူ **ကောင်တာ အမှတ် ( ၅ )** သို့တင်ပြလျှောက်ထားရပါမည်-

- ကိုယ်ရေးရာဇဝင် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ထားရန် လိုအပ်ပါသည်။( **မိဘများကွယ်လွန်ပြီးလျှင်လည်း ဖြည့်စွက်ရန်လိုအပ်ပါသည်။)**

- ဓါတ်ပုံ ( ၁ )ပုံ ( ၆ လ အတွင်းရိုက်ကူးထားသောဓါတ်ပုံ ဖြစ်ရပါမည်၊ ဓါတ်ပုံ၏ နောက်ခံမှာ အဖြူဖြစ်ရပါမည်၊ နားရွက်နှစ်ဖက်ပေါ်ရပါမည်၊ မျက်မှန်တပ်ဆင်ခြင်း မပြုရ၊ သွားမပေါ်ရ။ )
- အခွန်ဆောင်ထားသော ပြေစာ မူရင်း နှင့် မိတ္တူ များ

- နိုင်ငံကူးလက်မှတ် မူရင်းနှင့် မိတ္တူ ( ဓါတ်ပုံပါသော စာမျက်နှာ နှင့် နောက်ဆုံး သက်တမ်း တိုးသည့် စာမျက်နှာ )

- WP/SPass/EP/PR / Student Pass/Visit Pass မူရင်း နှင့် မိတ္တူများ

- မှီခိုသူများ ဖြစ်ပါက ( အိမ်ထောင်စုစာရင်း သို့မဟုတ် လက်ထပ် စာချုပ် မိတ္တူ)

**(မှီခိုသူများ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးသည့် အချိန်တွင် အိမ်ထောင်ဦးစီး ဖြစ်သူအနေဖြင့် သတ်မှတ်ထားသည့် ဝင်ငွေခွန်များ ကျေပွန်စွာထမ်းဆောင် ထားပြီး ဖြစ်ရန် လိုအပ်ပါသည်)**

- ကျောင်းသား ဖြစ်ပါက ကျောင်းသားကဒ် ၊ ကျောင်းထောက်ခံစာ မူရင်း နှင့် မိတ္တူ **(ကျောင်းသား/ကျောင်းသူများမှာ နိုင်ငံကူးလက်မှတ် စာအုပ်အသစ် ထုတ်ယူချိန်တွင် ကျောင်းသားကဒ် ၏ သက်တမ်း အနည်းဆုံး ( ၄ ) လရှိနေရန် လိုအပ်ပါသည်၊ ဒီပလိုမာ/ဒီကရီ ဘွဲ့ များ ပြီးဆုံး၍ မဟာဘွဲ့ များထပ်မံ တက်ရန် အစီအစဥ်ရှိပါက နောက်ထပ်သင်ကြားမည့် ဘွဲ့အတွက် ကျောင်းမှ လက်ခံသည့် စာ ( Acceptance Letter ) အပြင် ကျောင်းအပ်သည့် ငွေ ( Admission Fees ) ပြေစာ မူရင်း / မိတ္တူ တင်ပြရမည် ဖြစ်ပါသည်။ ကျောင်းမှ ထုတ်ပေးသည့် ထောက်ခံစာမူရင်း ကိုတင်ပြ ပေးရမည် ဖြစ်ပါသည်၊ လိုအပ်ပါက သက်ဆိုင်ရာ ကျောင်း သို့ ဆက်သွယ်မေးမြန်း မည် ဖြစ်ပါသည်၊ ) အမြဲတမ်းနေထိုင်ခွင့် လက်မှတ် ( PR ) ကိုင်ဆောင်ထားပြီး အသက် (၂၁) နှစ် ပြည့် ပြီးပါက ( CPF ) ဖွင့် ပြရန် လိုအပ်ပါသည်။**

- နိုင်ငံကူး လက်မှတ်စာအုပ်မူရင်းကိုမူ စာအုပ်အသစ် လဲလှယ်ရန် အတွက် ခေတ္တ သိမ်းဆည်းလိုက်မည် ဖြစ်ပါသည်။ နောက်ဆုံးအဆင့်အနေဖြင့် **နိုင်ငံကူး လက်မှတ် စာအုပ် အသစ် ရွေးယူ ရန် အတွက် ချလံ စာရွက်** ကို ထုတ်ပေးမည် ဖြစ်ပါ သည်။

<u>**လက်ဗွေနှိပ်ခြင်း / လက်မှတ် ရယူခြင်း**</u>

၁၃။ နိုင်ငံကူးလက်မှတ် စာအုပ်အသစ် လျှောက်ထားရန် တင်ပြရမည့် စာရွက် စာတမ်း များကို စစ်ဆေးပြီးနောက် လက်ဗွေနှင့် လက်မှတ်များ ရယူသည့် **ကောင်တာ(၆)** တွင် မိမိ၏ လက်ဗွေရာနှင့် ရေးထိုးမြဲလက်မှတ်များကို ပေးရမည်ဖြစ်ပါသည်။ လက်မှတ် ရေးထိုးပေးပြီး မိမိ ၏ လက်မှတ် ကို ကွန်ပြူတာ ဖလ်သားပြင်ပေါ် တွင် ပြန်လည်ကြည့်ရှု. ၍ စိတ်တိုင်း မကျလျှင် သက်ဆိုင်ရာ တာဝန်ကျ ဝန်ထမ်းအား နိုင်ငံကူးလက်မှတ် မထုတ်ပေးမီ ပြောကြားနိုင်ပါသည်။

## နိုင်ငံကူးလက်မှတ် စာအုပ်အသစ်ထုတ်ယူခြင်း

၁၄။ နိုင်ငံကူးလက်မှတ် စာအုပ်အသစ်ရွေးရန် **ချိန်းစာရွက်**နှင့် အတူ မည်သူ မဆို နောက် တစ်နေ့ ညနေ (၁၇း၀၀) မှ (၁၇း၃၀) နာရီ အတွင်း သံရုံး ၌ လာရောက်ထုတ်ယူနိုင်ပါသည်။ **နိုင်ငံကူးလက်မှတ် စာအုပ်အသစ် တစ်အုပ်အတွက် ကျသင့်ငွေမှာ စင်ကာပူ ဒေါ်လာ (၁၅၀ ) ဖြစ်ပါသည်**။ နိုင်ငံကူး လက်မှတ် စာအုပ် ၏ သက်တမ်း ကာလ မှာ စတင်ထုတ်ပေးသည့်နေ့မှ စ၍ ( ၃ ) နှစ် သက်တမ်း ရှိပါသည်။ နိုင်ငံကူးလက်မှတ်စာအုပ် အဟောင်း ကို Cancelled တံဆိပ်တုံး ရိုက်နှိပ်လျက် စာအုပ်အသစ်နှင့် အတူ စင်ကာပူနိုင်ငံ Immigration and Check Point Authority ( ICA ) နှင့် MOM ( Ministry of Man Power )တွင် ယခင် စာအုပ်၌ ပါရှိသည့် စင်ကာပူနိုင်ငံမှ ရိုက်နှိပ်ထားသည့် ပြည်ဝင်ခွင့် တံဆိပ်များ၊ နေထိုင်ခွင့် ပါမစ် ( Stay Permit ) များ ကူးပြောင်း ရိုက်နှိပ်နိုင်ရန်အတွက် ပြန်လည် ထုတ်ပေးမည် ဖြစ်ပါသည်။

၁၅။ နိုင်ငံကူးလက်မှတ် စာအုပ်အဟောင်းကို တစ်လကြာ ခေတ္တ ကိုင်ဆောင် ခွင့်ပြုထားမည်ဖြစ်ပါသည်။ နိုင်ငံကူးလက်မှတ် စာအုပ်အသစ်နှင့် အဟောင်းတို့ကို ထုတ်ယူပြီး နောက် ကောင်တာတွင် ထားရှိထားသည့် နိုင်ငံကူး လက်မှတ်စာအုပ်အသစ်များ ထုတ်ပေးသည့် မှတ်တမ်းစာအုပ်တွင် အမည်၊ နိုင်ငံကူး လက်မှတ်စာအုပ် အသစ် နှင့် အဟောင်း တို့၏ အမှတ်နှင့် နေရပ်လိပ်စာ၊ ဖုန်း အမှတ်တို့ကို ဖြည့်စွက်ရေးသား၍ လက်ခံရရှိပြီးကြောင်း လက်မှတ်ရေးထိုးရပါမည်။ **နိုင်ငံကူးလက်မှတ် စာအုပ်အဟောင်းကို တစ်လပြည့်ပြီး နောက် သံရုံး သို့ ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) လူကြုံ နှင့် ဖြစ်စေ မပျက်မကွက် ပြန်လည် အပ်နှံရန် လိုအပ်ပါသည်။**

ရက်စွဲ ၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ

**ကောင်စစ်ရေးရာဌာန**
**မြန်မာသံရုံး၊ စင်ကာပူမြို့။**

လိုအပ်သည့် စာရွက်စာတမ်းများ
မှန်ကန် ပြည့်စုံစွာ တင်ပြနိုင်ပါက
မြန်မာနိုင်ငံကူး လက်မှတ်
စာအုပ် အသစ်များကို
(၂)ရက်အတွင်း ထုတ်ပေးပါသည်။